## ဓမ္မခန္ဓာ (၁၀၅) ဆင်တပ်ကြီး (အလ်–ဖီးလ်)

ဥဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၉)၊ သုတ်ဒေသနာ (၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **أَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِأَصْحَابِ الْفِيلِ** ۞<br>ကံကြမ္မာရှင်သည် ဆင်တပ် အဖေါ်တို့အား မည်သို့ ပြုလုပ်လိုက်သည်ကို သင် မမြင်တွေ့သလော။[၁၂၀၂] |
| ၂။ | **أَلَمْ يَجْعَلْ كَيْدَهُمْ فِي تَضْلِيلٍ** ۞<br>အရှင်သည် သူတို့၏ ဗျူဟာများကို လမ်းကြောင်းလွဲသွားရန် စီရင်ခဲ့သည် မဟုတ်လော။ |
| ၃။ | **وَأَرْسَلَ عَلَيْهِمْ طَيْرًا أَبَابِيلَ** ۞<br>ထို့နောက် သူတို့အပေါ်သို့ ငှက်များကို အအုပ်အသင်းလိုက် စေစားခဲ့၏။[၁၂၀၃] |
| ၄။ | **تَرْمِيهِم بِحِجَارَةٍ مِّن سِجِّيلٍ** ۞<br>သူတို့အပေါ်သို့ စီမံထားသော ကျောက်တုံးများဖြင့် ပစ်ချ၍–[၁၂၀၄] |
| ၅။ | **فَجَعَلَهُمْ كَعَصْفٍ مَّأْكُولٍ** ۞<br>သို့ဖြင့် သူတို့အား စားဖတ် ကောင်ရိုးမှျင်များကဲ့သို့ စီရင်လိုက်၏။ |

---

(၁၂၀၂) ဆင်တပ်မဟာကြီးဆိုသည်မှာ အလွန်အင်အားကောင်းသော ကြည်းတပ်မဟာကြီးကို ဆိုလိုသည်။ သမိုင်းအရ– ခရစ်ယာန်မင်း ဖြစ်သော အဘီဆီးနီးယား (ယခု အီသီယိုပီးယား) နိုင်ငံမှ အာဘ်ရာဟာ မင်း၏ ဆင်တပ်ကြီးသည် ယီမင်နိုင်ငံသို့ အောင်မြင်ပြီးနောက် ကာအ်ဘာကျောင်းတော်အား ဖျက်ဆီးရန် ချီတက်လာစဉ်– ကျဆုံးခဲ့ရသည့် ဖြစ်ရပ်ဟု ဆိုပေသည်။ ထိုဖြစ်ရပ်သည် အေဒီ ၅၇၀၊ ကိုယ်တော်မုဟမ္မဒ် မွေးဘွားသည့် ခုနှစ် ဖြစ်သည်ဟုလည်း ဆိုပေသည်။ သို့သော် ထိုအချက်အလက်အား အတည်ပြုသည့် ကျမ်းချက်ဟူ၍– ကုရ်အံကျမ်းတော်၌ မပါဝင်ချေ။ ကျမ်းတော်က အဓိက ပြောဆို သွန်သင်လိုသည်မှာ– မည်မျှပင် အင်အားကြီးသော စစ်တပ်ဖြစ်စေကာမူ– မတော်မတရားမှုများကို ကျူးလွန်စော်ကားပြုကျင့်လာခဲ့လျှင် ထိုသို့ စစ်တပ်ကြီးများ ပျက်စီးခဲ့ရပြီ။ ကိုယ်တော်မုဟမ္မဒ်အား တိုက်ခိုက်လာမည့် ရန်သူစစ်တပ်ကြီးသည်လည်း ပျက်စီးရမည်ပင်ဟု ဆိုလိုခြင်းပင် ဖြစ်ပေသည်။ သူတို့သည် မတရားသဖြင့် လောကီရမက် ဖက်နေသော စစ်တပ်ဖြစ်ကြောင်းကို သူတို့၏ အတိုက်အခံ ငှက်များ ဆိုသည်က ထောက်ပြထားပေသည်။

(၁၂၀၃) ငှက်များ ဆိုသည်မှာ စိတ်ဓါတ်ရေးရာ မြင့်မားသော၊ သူတော်ကောင်းများကို ခေါ်ဆိုကြောင်း ဖ်း၃၈ တွင် ကြည့်ပါ။ အာရ်ဗီ ကဗျာ လင်္ကာများတွင် အောင်ပွဲရ စစ်တော်မတော်များကို ငှက်များဟု တင်စားရေးသားလေ့ ရှိပေသည်။ အလားတူပင် ၂၇း၂၀ တွင်လည်း ကိုယ်တော် စိုလိုင်မံ၏ တပ်ရင်းကို ငှက်တပ်ရင်းဟု ခေါ်ကြောင်း တွေ့နိုင်ပေသည်။ ဤသုတ်တော်၌ **တွိုင်းရမ် အဘာဘီးလ်** ဟု ပြောထား၍– ငှက်ကဲ့သို့လျှင်မြန်သော ကုလားအုပ်တပ်မတော်– ဟု တိုက်ရိုက် အနက်ကို ပေးပေသည်။

(၁၂၀၄) ဤသုတ်တော်မှ **ဟိဂျရတ်—ဆိဂ်ျဂျီးလ်** ဆိုသည်ကို ဆရာတော်များက– ရွံ့စေးဖြင့် ပြုလုပ်ထားသော ကျောက်ခဲဟု လည်းကောင်း၊ ထိုနှင့် အဓိပ္ပါယ်တူသော လောက်စာလုံးဟု လည်းကောင်း ပြန်ဆိုကြပေသည်။ **ဆစ်ဂျ်ဂျီးလ်** ဆိုသော ဝေါဟာရသည် **ဆဂျလ** မှ ဆင့်ပွားဖြစ်၍– အပေါ်မှ သွန်းလောင်းသည်၊ သေချာစွာ ရေးမှတ်ထားသည်၊ တရားရေးရာ စီမံချက်– စသည်ဖြင့် ဖြစ်ပေသည်။ တနည်းအားဖြင့် စနစ်တကျ တိတိကျကျ စီမံထားခြင်းကို ခေါ်ဆိုပေသည်။ သို့ဖြင့်၍– ဤဘာသာပြန်၌ စီမံထားသော ကျောက်တုံးများ ဟု ပြန်ဆိုခြင်း ဖြစ်သည်။ ထိုသို့ စီမံထားသော ကျောက်တုံးများဖြင့် ပစ်ခတ်သည် ဆိုခြင်းမှာ– ငှက်တိရိစ္ဆာန်တို့ နှုတ်သီးဖြင့် ချီလာ၍ ပစ်ချသော ကျောက်ခဲများ မဟုတ်ဆိုသည်မှာ ထင်ရှားပေသည်။ ––– ပုံပြင်များ သမိုင်းများသည်ကား ကျမ်းမြတ်ကုရ်အံအား နားလည်ယူရာတွင် မှန်ကန်စွာ အထောက်အကူ မပြုချေ။